နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၁ / ၉၅

၁၃၅၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အပြီးအပိုင် ထွက်ခွာသွားပြီး နိုင်ငံခြားတိုင်းပြည်တခုခု၏ နိုင်ငံသားအဖြစ် ခံယူထားသူများအား မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်နေထိုင်နိုင်ရန် လျှောက်ထားခွင့်ပြုသည့် အချိန်ကာလ တိုးမြှင့်သတ်မှတ်ခြင်း။

၁။ မြန်မာနိုင်ငံမှ တရားဝင်ထုတ်ပေးသည့် ခရီးသွားလက်မှတ်ကို ကိုင်ဆောင်လျက် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားပြီး နိုင်ငံခြားတိုင်းပြည်တခုခု၏ နိုင်ငံသားအဖြစ် ခံယူခဲ့သော မြန်မာနိုင်ငံသားများသည် နိုင်ငံခြားတိုင်းပြည်၏ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်လျက် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူပြီး မြန်မာနိုင်ငံတွင် ပြန်လည်အခြေချနေထိုင်လိုပါက ကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ တနှစ်ကာလအတွင်း အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် သက်ဆိုင်ရာ မြန်မာသံရုံး / ကောင်စစ်ဝန်ချုပ်ရုံးမှဖြစ်စေ၊ နီးစပ်ရာ မြန်မာသံရုံး / ကောင်စစ်ဝန်ချုပ်ရုံးမှ ဖြစ်စေ လျှောက်ထားနိုင်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၃ ခုနှစ်၊ မေလ ၆ ရက်နေ့စွဲပါ ကြေညာချက်အမှတ် ၃/၉၃ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပိုမိုတိုးတက်ဖွံ့ဖြိုးလာမှုကို သိရှိလာကြသဖြင့် နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားလိုသူများ၊ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်လိုသူများနှင့် နိုင်ငံကူးလက်မှတ်အသစ် ထပ်မံထုတ်ယူလိုသူများ အများအပြားရှိနေသေးကြောင်း သိရပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၃/၉၃ ဖြင့် သတ်မှတ်ထားသော မြန်မာနိုင်ငံသို့ ပြန်လည်လာရောက် နေထိုင်နိုင်ရန် လျှောက်ထားခွင့်ပြုသည့် အချိန်ကာလကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့ထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) ခင်ညွန့်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး း (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့